FREEDOM OF EXPRESSION
ACTIVIST ORGANIZATION

# ဆက်သွယ်ရေးဥပဒေပြင်ဆင်ခြင်း

# တစ်နှစ်ပြည့် အစီရင်ခံစာ

**၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်။**

အငြင်းပွားဖွယ် ဆက်သွယ်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ယခုအချိန်တွင် ဥပဒေသက်တမ်းမှာ ၅ နှစ်အထိ ရှိလာပြီဖြစ်သည်။ ယင်းဥပဒေသည် ၂၀၁၅ ခုနှစ်မှစ၍ ယနေ့အချိန်ထိ နာမည်ဆိုးဖြင့် ကျော်ကြားလာခဲ့သည်လည်းဖြစ်သည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲမဲဆွယ်ကာလသည် မြန်မာနိုင်ငံ၏ ဒစ်ဂျစ်တယ်ပလက်ဖောင်း (ဝါ) အွန်လိုင်း၌ နိုင်ငံရေးပါတီများ၏ ယှဉ်ပြိုင်မှုများ၊ တစ်ဖက်နှင့်တစ်ဖက် ထိုးနှက်မှုများကို အားကောင်းမောင်းသန် တွေ့ခဲ့ရသည့် ကာလလည်းဖြစ်သည်။ သို့သော် ဆက်သွယ်ရေးဥပဒေသည် မိမိသဘောထားအမြင်ကို အွန်လိုင်းမှတဆင့် ရေးသားထုတ်ဖော်ကြသည့် အင်တာနက်သုံးစွဲသူများအတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာခဲ့သည်။

၂၀၁၅ ရွေးကောက်ပွဲကာလအတွင်း ပြည်သူတစ်ယောက်က အွန်လိုင်းတွင် တပ်မတော်အား ဝေဖန်ထားသည့် အကြောင်းအရာအပေါ် တပ်မတော်မှ တရားစွဲဆိုခဲ့ခြင်းဖြင့် ဆက်သွယ်ရေး ဥပဒေဖြင့် တရားစွဲဆိုကြသည့် အဆိုးကျော့သံသရာ စတင်ခဲ့သည်။ ထိုအချိန်ကာလမှ စတင်၍ အွန်လိုင်းတွင် ဝေဖန်မှုများ၊ ထုတ်ဖော်ရေးသားမှုများအပေါ် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုသည် တစ်ဟုန်ထိုး မြင့်တက်လာခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ က ဥပဒေပြင်ဆင်ရန် (သို့) ဖျက်သိမ်းရန် ကြိုးစားခဲ့ကြပြီးနောက် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် လွှတ်တော်၌ ဥပဒေကို တရားဝင်ပြင်ဆင်ခဲ့သည်။ သို့သော် ဥပဒေပြင်ဆင်ချက်သည် အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်အတိုင်း ပြင်ဆင်ခဲ့ခြင်း မဟုတ်ဘဲ အပေါ်ယံပြင်ဆင်ချက်များသာ ပြုလုပ်ခဲ့သည်။ ယခုအချိန်တွင် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများမှ ၁၅၀ မှုအထိ ရှိလာခဲ့ပြီး ထိုအထဲတွင်မှ ဥပဒေပြင်ဆင်ပြီးနောက် တစ်နှစ်အတွင်း တရားစွဲဆိုမှုများမှာ ၄၈ မှု ရှိနေပြီဖြစ်သည်။

*ဤအစီရင်ခံစာပါ သုံးသပ်ချက်များ၊ ကောက်ချက်ချမှုများသည် အသံအဖွဲ့၏ ဆက်သွယ်ရေးဥပဒေနှင့်ပတ်သက်သည့် စစ်တမ်းများ၊ အချက်အလက်များ အပေါ်အခြေခံသည်။ အသံအဖွဲ့မှ စက်တင်ဘာလ ၉ ရက်၊ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆို မှုများ စာရင်းပါ အချက်အလက်များကို အခြေခံ၍ ပြုစုထားခြင်းဖြစ်သည်။*

<table>
<tr><th colspan="2">ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်ခဲ့သည့် အချက်များ (၂၀၁၇)</th></tr>
<tr><th>ယခင်ပြဋ္ဌာန်းချက်</th><th>ပြင်ဆင်ပြဋ္ဌာန်းချက်</th></tr>
<tr><td colspan="2">အခန်း(၁၈) ပြစ်မှုနှင့်ပြစ်ဒဏ်များပါ ပုဒ်မ-၆၆ ၏ ခြေဆင်းအပိုဒ်</td></tr>
<tr><td>“မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-”</td><td>“မည်သူမဆိုအောက်ပါ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူအား သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ပြီး ပုဒ်မခွဲ (ဃ) ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်-”</td></tr>
<tr><td colspan="2">အခန်း(၁၈) ပြစ်မှုနှင့်ပြစ်ဒဏ်များပါ ပုဒ်မ-၆၆ အပိုဒ်ခွဲ (ဃ)</td></tr>
<tr><td>“ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ် တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။”</td><td>“ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကိုအသုံးပြု၍ပုဂ္ဂိုလ် တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။”</td></tr>
<tr><td colspan="2">အခန်း(၁၉) အထွေထွေပါ ပုဒ်မ-၈၀တွင် အပိုဒ်ခွဲ (ဂ) အားဖြည့်စွက်ခြင်း</td></tr>
<tr><td></td><td>“(ဂ) ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ) ပါ ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်ခြင်းပြုကြောင်း သက်ဆိုင်ရာ နစ်နာသူကိုယ်တိုင်ဖြစ်စေ၊ ထိုသူ၏ ကိုယ်စားလွှဲအပ်ခြင်းခံရသူကဖြစ်စေ တိုင်တန်းချက်မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ။”</td></tr>
</table>

*ပုံ(၁): ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပါ ကောက်နုတ်ချက်များ*

## “ ဥပဒေပြင်ဆင်ခြင်း

“ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ”အား ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ထင်ရှားသည့် ပြင်ဆင်ချက်မှာ သုံးချက်ခန့်သာရှိသည်။ ယင်းဥပဒေပါ ပုဒ်မ ၆၆(ဃ) ၏ ပြစ်မှုမြောက်စေသည့် အချက်များကို လျှော့ချခြင်း၊ ယင်းပုဒ်မပါပြစ်မှု၏ ပြစ်ဒဏ်ကိုလျှော့ချ ခြင်း၊ ကြားလူမှ တရားစွဲဆိုမှု မပြုနိုင်ရန် ထည့်သွင်း ပြဋ္ဌာန်းခြင်းတို့ ဖြစ်သည်။

ယင်းဥပဒေပါ ပုဒ်မ ၆၆(ဃ) တွင်ပါဝင်သည့် ပြစ်မှုများလျှော့ချခဲ့သော်လည်း *အသရေဖျက်မှု* ဆိုသည့် အချက်မှာ ပယ်ဖျက်သွားခြင်းမရှိဘဲ ဆက်လက်ပါဝင်နေသေးသည်ကို တွေ့ရှိရသည်။

## " အသရေဖျက်ခြင်း

အသရေဖျက်ခြင်းအတွက်မူ ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ အခန်း-၂၁၊ ပုဒ်မ-၅၀၀ တွင် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြဋ္ဌာန်းချက်များ တည်ရှိပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော သက်သေခံအက်ဥပဒေ အရလည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်းကို ဂုဏ်သိက္ခာ ပျက်ယွင်းစေရန် အကြံအစည်ဖြင့် အွန်လိုင်းတွင် ဆောင်ရွက်ပါက အသေရေဖျက်မှုဆိုင်ရာ ရာဇသတ်ကြီး ဥပဒေဖြင့် အရေးယူနိုင်သည်။ သို့သော် ဆက်သွယ်ရေးဥပဒေ၌ အသရေဖျက်မှုအား ထပ်မံပြဋ္ဌာန်းခြင်းသည် ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်ပွားစေသည်။ ထို့အပြင် ဆက်သွယ်ရေးဥပဒေအရ ပုဒ်မ-၆၆(ဃ) ဖြင့် တရားစွဲဆိုပါက အဆင့်များပြားပြီး ရှုပ်ထွေးမှုများရှိသည်။ အမှုကျေအေးခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းပြုပါကလည်း အဆင့်ဆင့် ဆောင်ရွက်ရသဖြင့် စွပ်စွဲခံရသူအတွက် နစ်နာမှုများ ရှိနေသည်။ အသံအဖွဲ့၏ စစ်တမ်းများအရ အမှုဖွင့်ဖြစ်စဉ်သည် ၁ နှစ်နီးပါးအထိ ကြာမြင့်တတ်ပြီး၊ အမှုပိတ်သိမ်းပါကလည်း အနည်းဆုံး ၆ လခန့် ကြာမြင့်တတ်သည်။

*ဖြစ်ရပ်မှန်လေ့လာမှု (Case Study) အားဖြင့် အောက်ပါအမှုကို ဖော်ပြအပ်ပါသည်။*

*အသံ အဖွဲ့၏ တွေ့ရှိချက်များအရ ဒေါ်ခိုင်(အမည်လွှဲ)သည် ၂၀၁၆ ခုနှစ်တွင် ဖေ့ဘုတ်လူမှုကွန်ရက်၌ ယောင်းမဖြစ်သူ၏သမီးနှင့် ချစ်သူတို့ ရိုက်ကူးထားသည့် စုံတွဲဓာတ်ပုံကို တင်ခဲ့ပြီး "မကျီးချိုရှာ ကဘယ်သူ့သမီးလေးလဲ၊ ကြည့်ပါဦး" ဟုမှတ်ချက်ပြုရေးသားခဲ့ရာ ယောင်းမ၏အမှုဖွင့်တိုင်ကြားခြင်းကို ခံခဲ့ရသည်။ ရက်ပိုင်းအတွင်းပင် ယောင်းမဖြစ်သူမှာ ကျေအေးပေးခဲ့သော်လည်း အမှုမှာ ၂၉ လ ကြာသည်အထိ ပြီးပြတ်ခြင်းမရှိဘဲ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ အမှုရုပ်သိမ်းကြောင်း ခွင့်ပြုစာကို စောင့်ဆိုင်းကာ အမှု ရင်ဆိုင်နေရဆဲဖြစ်သည်။*


## " ကိုယ်စားတရားစွဲဆိုမှု

ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်အရ ကြားလူမှတရားစွဲဆိုခွင့်အား ပေးအပ်ထားခြင်းမရှိပေ။ သို့သော် ဥပဒေပြင်ဆင်ပြီးနောက်ပိုင်းတွင် ကြားလူမှ **ကိုယ်စားတရားစွဲဆိုမှုမှာ ၆ မှု ရှိသည်ကို တွေ့ရှိရပါသည်။** ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ-၁၉၈ တွင်မူ အသရေဖျက်မှု ပုဒ်မ-၅၀၀ ဖြင့်တရားစွဲဆိုပါက ကြားလူ (သို့) မျက်မြင်သက်သေ (သို့) တတိယပုဂ္ဂိုလ်မှ တရားစွဲဆိုခွင့် မရှိဘဲ ခြွင်းချက်အနေဖြင့် နစ်နာသူသည် အသက် ၁၈ နှစ်အောက်ဖြစ်ခြင်း၊ စိတ်ပေါ့သွပ်နေခြင်း၊ မသန်စွမ်းခြင်းတို့ကြောင့် ကိုယ်တိုင် တိုင်ကြားရန် အခက်အခဲရှိမှသာ ကိုယ်စားတိုင်ကြား တရားစွဲဆိုနိုင်ရန် ခွင့်ပြုထားသည်။ သို့သော် ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)သည် ပြစ်မှုဆိုင်ရာ ကျင့် ထုံးဥပဒေ ပုဒ်မ-၁၉၈ တွင် အကျုံးဝင်ခြင်းမရှိသလို ယင်းဥပဒေပါ ပုဒ်မ-၈၀(ဂ) တွင် လည်း ဥပဒေအရ တရားဝင် ကိုယ်စားလွှဲအပ်ခြင်းမရှိဘဲ ကြားလူမှ တရားစွဲဆိုမှုကို ခိုင်ခိုင်မာမာ ကန့် သတ်ပြဋ္ဌာန်းထားသည်။ ကိုယ်စားတရားစွဲဆိုထားသည့် **၆ မှုအနက် ၅ မှုမှာ ဥပဒေအရ တရားဝင် ကိုယ်စားလှယ်လွှဲအပ်မှု ပြုထားခြင်း မရှိသည်ကို တွေ့ရှိရပါသည်။**

မြောင်းမြမြို့မှ ကိုကောင်းထက်ဇင်သည် "ဒေသအတွင်းသို့ လွှတ်တော်ကိုယ်စားလှယ်များ ကွင်းဆင်းစစ်ဆေးစဉ် အခြေခံပညာရေးကျောင်းသားများက သွားရောက်ကြိုဆိုနေရသည်ကို" ဝေဖန်ရေးသားခဲ့သည့်အတွက်ကြောင့် လွှတ်တော်ကိုယ်စားလှယ်ရုံးမှ ဝန်ထမ်းတစ်ဦး၏ တရားစွဲဆိုခြင်းကိုခံခဲ့ရသည်။

## “ အမှုအရေအတွက်

ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများမှာ ၁၅၀ မှုအထိ မြင့်တက်နေပြီ ဖြစ်သည်။ ယခင်အစိုးရလက်ထက်တွင် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများ စုစုပေါင်း ၁၁ မှု ရှိခဲ့သည်။ ယခုအစိုးရ ကာလတွင် ဥပဒေမပြင်ဆင်ခင်ကာလ၌ ဆက်သွယ်ရေးဥပဒေ အမှု ၉၁ မှု ရှိခဲ့ပြီး ဥပဒေပြင်ဆင်ပြီး နောက်တွင် တစ်နှစ်အတွင်း ၄၈ မှု ရှိခဲ့သည်။





ပုံ(၂): ဥပဒေပြင်ဆင်ပြီးနောက် လအလိုက်တွေ့ရှိရသည့် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများ

## “ ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုသည့် အမှုအမျိုးအစားများ

ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများကို လေ့လာရာတွင် အုပ်စုများခွဲခြား၍ လေ့လာခဲ့သည်။ အုပ်စုခွဲလေ့လာရခြင်း အကြောင်းအရင်းမှာ ပြည်သူတို့၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် အမှန်တကယ် အတားအဆီး ဖြစ်စေမှု ရှိ/မရှိ ကို အကဲဖြတ်လေ့လာလို၍လည်းကောင်း အွန်လိုင်းပေါ်မှ မည်ကဲ့သို့သော အကြောင်းအရာများကို ယင်းဥပဒေဖြင့်တရားစွဲဆိုလေ့ရှိသည်ကို လေ့လာလို၍ လည်းကောင်းတို့ကြောင့်ဖြစ်သည်။ အုပ်စုခွဲလေ့လာရာတွင် အုပ်စု (၅) ခုအဖြစ် ခွဲခြားလေ့လာခဲ့သည်။ ယင်းတို့မှာ ဖော်ပြပါအတိုင်းဖြစ်သည်။


| လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရ ရေးသားမှုများ | ဆိုက်ဘာရာဇဝတ်မှုဥပဒေဖြင့် တားမြစ်ရမည့်အပြုအမူများ |
|---|---|
| “ နိုင်ငံရေးဝေဖန်မှုများ<br>“ သတင်းရေးသားထုတ်ဖော်ခြင်း<br>“ အလုပ်သမား/မြေယာပြဿနာများအားဖော်ထုတ်ခြင်း<br>“ ဥပဒေမဲ့လုပ်ရပ်များကို ဖော်ထုတ်ခြင်း<br>“ လူပုဂ္ဂိုလ်/အဖွဲ့အစည်းအား ဝေဖန်ခြင်း<br>“ စီးပွားရေးလုပ်ငန်းများကိုဆန့်ကျင်ရေးသားမှုများ | “ အွန်လိုင်းမှတဆင့်နှောင့်ယှက်ခြင်း<br>“ မူပိုင်ခွင့်ချိုးဖောက်ခြင်း<br>“ လိင်ပိုင်းဆိုင်ရာစော်ကားခြင်း<br>“ သတင်းမှားဖြန့်ဝေခြင်း<br>“ အီလက်ထရောနစ်ဆိုင်ရာ ခိုးယူနှောင့်ယှက်ခြင်း<br>“ ခြောက်လှန့်ငွေညှစ်တောင်းယူခြင်း<br>“ အန္တရာယ်ရှိသောအမုန်းစကားများဖြန့်ဝေခြင်း<br>“ ခြိမ်းခြောက်ခြင်း |
| **လူမှုရေးပြဿနာများ** | **အခြား** |
| “ လူမှုရေးပြဿနာများ | “ မသိရ<br>“ အခြား |

ပုံ(၃): ဆက်သွယ်ရေးဥပဒေဖြင့်တရားစွဲဆိုမှုများအား အုပ်စုခွဲခြားလေ့လာခြင်းပုံစံ





*ပုံ(၄): ဥပဒေပြင်ဆင်ပြီးနောက်ပိုင်း ဆက်သွယ်ရေးဥပဒေဖြင့်တရားစွဲဆိုမှုများအား အုပ်စုအလိုက် လေ့လာခြင်း*

အုပ်စုအမျိုးအစား ခွဲခြားလေ့လာခဲ့ရာတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တားမြစ်ကန့်သတ်ပြီး အရေးယူခဲ့ခြင်းသည် ရာခိုင်နှုန်းအများဆုံးဖြစ်ကြောင်းတွေ့ရသည်။ အရှေ့တွင်ဖော်ပြခဲ့သည့်အတိုင်း သာမာန်ပြည်သူများသည်လည်း လူမှုရေးပြဿနာများတွင် ၆၆(ဃ) ဟုလူသိများသည့် ဆက်သွယ်ရေး ဥပဒေဖြင့် လူပုဂ္ဂိုလ်အချင်းချင်း တရားစွဲဆိုကြသည်ကို တွေ့ရသည်။ ထင်ရှားသူများ၊ နိုင်ငံရေးဩဇာ ရှိသူများက ၎င်းတို့အားဝေဖန်သူများကို ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုရာမှ လူ့အဖွဲ့အစည်းအ တွင်းပျံ့နှံ့ကာ ဆက်သွယ်ရေးဥပဒေသည် လူကြိုက်များသည့် ဆေးခါးကြီးဖြစ်လာသည်ဟု သုံးသပ်မိပါ သည်။ အသေးစိတ်အား ပုံ(၄) နှင့် ပုံ(၅) တို့ပါအတိုင်း လေ့လာနိုင်ပါသည်။




*ပုံ(၅): ဥပဒေပြင်ဆင်ပြီးနောက်ပိုင်း ဆက်သွယ်ရေးဥပဒေဖြင့်တရားစွဲဆိုမှုများအား အမျိုးအစားအလိုက် ရာခိုင်နှုန်းဖြင့် ဖော်ပြချက်*




*ပုံ(၆): ဥပဒေပြင်ဆင်ပြီးနောက်ပိုင်း ဒေသအလိုက် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုမှုများ*

---

## “ အကြံပြုချက်များ

၁။ ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၆၆(ဃ)၊ ၆၈(က)၊ ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ တို့ကို အပြီးတိုင် ဖျက်သိမ်း သင့်ပါသည်။

၂။ ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၇၅ နှင့် ပုဒ်မ ၇၆ တို့ကို ပြန်လည် သုံးသပ်ပြင်ဆင်သင့်ပါသည်။

၃။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် စံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသည့် ဆိုက်ဘာဥပဒေ တစ်ခု အမြန်ဆုံးပေါ်ပေါက်လာရန် ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၏ အကြံပြုချက်များကို ရယူကာ လွှတ်တော်က ဖော်ဆောင်သင့်ပါသည်။

၄။ နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရ၊ လွှတ်တော်ကိုယ်စားများ၊ ဌာနဆိုင်ရာများအနေဖြင့် မိမိတို့အပေါ် ဝေဖန်ပြောကြားမှုများနှင့် စပ်လျဉ်း၍ ပြည်သူများအပေါ် ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုထားမှုများကို အမြန်ဆုံးပြန်လည် ရုတ်သိမ်းပေးသင့်ပါသည်။

## “ ဆက်သွယ်ရန်

ကိုရဲဝေဖြိုးအောင်

+95 (9) 427563165

athan.info@gmail.com